# ကဏ္ဍ ( ၁ )

## တမလွန် ( ၁ )

သူမသည် ရည်ရွယ်ချက်မဲ့စွာ လျှောက်လှမ်းလာလျှက်ရှိသည်။ သူမဘယ်ဆီသို့ဦးတည်လျှောက်လှမ်းနေသည်ကို သူမကိုယ်တိုင်မသိပါ။ သူမတစ်ကိုယ်လုံးမှာလည်း နာကျင်လျှက်ရှိပါသည်။

သူမသည် တန်ခိုးရှင်တစ်စုံတစ်ဦးက လမ်းညွှန်လိုက်သလို ရှေ့တည့်တည့်သို့ လျှောက်လှမ်းလျှက်ရှိပါသည်။ မည် သည့်နေရာသို့ မည် သည့်ရည်ရွယ်ချက်ဖြင့် လှမ်းလျှောက်နေရသည်ကိုမူ တွေ းလို့မရပါ။

သူမ၏ ပတ်ဝန်းကျင်ကား ပူလောင်ထိုင်းမှိုင်းနေပေသည်။ ဘေး ဝဲယာတွင်လည်း မည် သည့်အရာကိုမျှ သူမမမြင်ရပါပေ။ ပကတိ သဲမြေများ သာဖုံးလွှမ်းနေသော ဖုန်းဆိုးမြေကြီးကို မျက်စိတပြန့်တပြော မြင်နေရပါသည်။

သူမသည် ရပ်နေလို့လည်း မရ၊ ကိုယ်တိုင်လည်း စိတ်ပါလက်ပါမရှိပဲ ရှေ့တည့်တည့်သို့ခပ်သွက်သွက်လျှောက်လှမ်းလာခဲ့သည်။

သူမရင်တစ်ခုလုံး မောဟိုက်နေသည်။ သူမတစ်ကိုယ်လုံးလည်း နာကြင်နေပါသည်။

ထိုစဉ် ...သူမဦးခေါင်းထက်ဆီမှ တပေါက်ပေါက်ကျဆင်း လာသည့်အရာများကြောင့် သူမက ထိုအရည်စက်များ ကို လက်ဖြင့်ကိုင်ကြည့်လိုက်သည်။

အလို... သွေးတွေ ပါလား။

သူမလန့်သွားသည်။

သူမခေါင်းက ဘာလို့သွေးတွေ စီးကျနေရတာ လဲ။

တစ်ယောက် လက် တစ်ယောက် တွဲ လို့

တစ်သက်မခွာမခွဲအစဉ်

လက်ကိုခိုင်ခိုင်ယှက်မယ်

သူနဲ့သာဆိုရင် .....

ရဲရင့်အဆိုပိုဒ်ဆုံးသည်နှင့် သရဖီက နောက်တစ်ပိုဒ်ကို ဝင်ဆိုလိုက်၏

အသည်းအသက်မကချစ်ချင်

မြတ်နိုးယုယနှောင်တည်းအစဉ်

တစ်ယောက် မရှိရင် တစ်ယောက် တွင်

မနေနိုင်အောင်စိတ်မှာ ပင် .....

သီချင်းဆိုနေသော သရဖီ့ကိုကြည့်နေသည့် ရဲရင့်မျက်ဝန်းများ က တောက်ပနေပါသည်။ သရဖီသည် ရဲရင့်မျက်လုံးအကြည့်ကိုလွှဲဖယ်ရင်း သီချင်းဆက်ဆိုနေသည်။

သူနဲ့သာဆိုရင် .....

ဘယ်လိုပင်ဝေးစေ

လိုက်မှာ ပဲ အမြဲမခွဲတမ်းပင်

သူနဲ့သာဆိုရင် .....

ပန်းရနံ့လည်း မမွှေးတဲ့လမ်းအဝင်

နေပူစေ တွဲ လက်လည်းမဖြုတ်ပေ

စမ်းရေယဉ်ပူလောင်မီးလျှံအသွင်

အလှဆိုတာ အရှင်းမတွေ့တောင်

ဖေဖေနှင့်အဆက်အသွယ်ရပြီး ဖေဖေက သရဖီ့ကို ကိုနိုင်ကြီးထံမှာ အပ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ကိုနိုင်ကြီးက သရဖီ့အသံကိုစစ်ဆေးပြီး စိတ်တိုင်းကျပြီးမှ လက်ခံခဲ့ခြင်း ဖြစ်ပါသည်။

တီးဝိုင်းစထောင်တော့ အဆိုတော် အ ဖြစ် နွယ်နီ၊ ရဲရင့်နှင့် စောဝေမိုးတို့သာ ရှိသေးသည်။ သရဖီနှင့်မှ အဆိုတော် လေးယောက် ပဲ ရှိပါသေးသည်။ ချာလီချမ်းနှင့်ချောချောမှာ နောက်မှရောက်လာကြသူများ ဖြစ်သည်။

သရဖီသည် မြန်မာသံရော စတီယိုကိုပါ သီဆိုနိုင်သူ ဖြစ်သည်။ သရဖီက အဆိုတော် ထဲတွင် မေဆွိနှင့်ဟေမာနေဝင်းကို အားကျသူ ဖြစ်သည်။ မေဆွိတို့ ဟေမာတို့လို မြန်မာသံရော စတီရီယိုပါဆိုနိုင်အောင် လေ့ကျင့်ထားခဲ့သည်။ ကာရာအိုကေဆိုရာတွင် လည်း သီချင်းမျိုး စုံကို သီဆိုခဲ့ဖူးသည်။

သရဖီက နိုင်ငံသိအောင် သီချင်းခွေတွေ ၊ သီချင်းစီဒီတွေ ထုတ်ချင်သည်။ သို့သော် ဖေဖေတို့ ဉာဏ်မှူထိအရင်းအနှီးမစိုက်နိုင်ပေ။ ပြီးတော့ သရဖီတို့က မန္တလေးမှာ နေတာဆိုတော့ ရန်ကုန်က ဂီတလောက နှင့်အလှမ်းဝေးနေသည်။

သည့်တော့လည်း သရဖီ့မှာ အရပ်တီးဝိုင်းမှာ ပင် ဝါသနာကို ဖြေဖျောက်ရပါတော့သည်။

တီးဝိုင်းထောင်ခါစက သရဖီတို့ဝိုင်းသည် အတော် ပင် ရှုန်းကန် ခဲ့ရ၏ ။ တီးဝိုင်းအသစ်လေးကို ငှားရမ်းမည့် သူသိပ်မရှိ။

အရပ်ထဲက ဘုံကထိန်ပွဲ၊ အလှူပွဲများ တွင် အခမဲ့ဆိုတီးခဲ့ကြ ရပါသည်။ ရိုးရာဘာသာရေး ပွဲများ ဖြစ်၍ မြန်မာသံသီချင်းများ ကို ဦးစား ပေးဆိုရသည်။ ထိုအခါ …မိန်းကလေးနှစ် ယောက် တွင် မြန်မာသံကို ပိုင်ပိုင်နိုင်နိုင်ဆိုတတ်သော သရဖီက ပို၍ နာမည် ရလာခဲ့လေသည်။

ရဲရင့်ရှိသည့်အခန်းသို့ ကူးခဲ့သည်။

ရဲရင့်အခန်းထဲမဝင်မီ ရဲရင့်ဖခင်က ကိုနိုင်ကြီးကိုဟန့်တားကာ ပြောသည်။

''သားကတော့ သတိရနေပြီမောင်နိုင်ကြီး၊ သူ့သူငယ်ချင်းတွေ အကြောင်းတော့ အမှန်အတိုင်း ပြောလို့မ ဖြစ်လို့ပြောမထားဘူး၊ အားလုံး ဒီဆေးရုံပေါ်မှာ ဆေးကုနေရတယ်လို့ ညာပြောထားရတယ်ကွယ်''

''ဟုတ်တာပေါ့အန်ကယ်၊ ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော် လည်း ဒီအတိုင်းပဲပြောမှာ ပါ''

ကိုနိုင်ကြီး အခန်းထဲဝင်ခဲ့သည်။

ရဲရင့်သတိရနေပေပြီ။

ရဲရင့်ခေါင်းမှာ ပတ်တီးအပြည့် ဖြစ်နေ၏ ။

ညာဖက်လက်ကိုလည်း ကျောက်ပတ်တီးစည်းထားရသည်။

ကျန်တာတွေ အားလုံးအခြေအနေကောင်း၏ ။

''ဘယ်လို ဖြစ်ရတာ လဲရဲရင့်ရယ်''

''ကျန်တဲ့လူတွေ ရော အခြေအနေဘယ်လိုရှိလဲကိုနိုင်ကြီး''

''သတိရနေကြပါပြီ၊ အခြေအနေကောင်းပါတယ်''

ကိုနိုင်ကြီးက မှာ ထားသည့်အတိုင်း လိမ်ပြောလိုက်၏ ။

ရဲရင့်မျက်နှာက ဇဝေဇဝါ ဖြစ်သွားလေသည်။

''ဟုတ်ရဲ့ လားကိုနိုင်ကြီးရယ်၊ ကားက ချောက်ထဲအထိကျသွားတာ ကျွန်တော် မြင်လိုက်တယ်၊ ပြီးတော့ ကားမီးလောင်သွားတယ်၊ သူတို့ လွတ်ပါ့မလားဗျာ''

''မင်းတောင် သတိရနေပြီပဲရဲရင့်ရယ်၊ ဒဏ်ရာဒဏ်ချက်တွေ

